# What Is Childhood Lead Poisoning?

## ကလေးဘဝခဲဆိပ်သင့်ခြင်းသည်အဘယ်နည်း။

ခဲဆိပ်သင့်ခြင်းသည် ကလေးများထံသို့ ပတ်ဝန်းကျင်ကျန်းမာရေး နံပါတ်တစ် ခြိမ်းခြောက်မှု ဖြစ်ပါသည်။
ခဲသည် ဆေးမှုန် ၊ဖုန်မှုန့်၊ မြေနှင့်ရေထဲတွင် တွေ့ရှိနိုင်သော လေးလံသော သတ္တုတစ်မျိုးဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ခန္ဓာကိုယ်အနေဖြင့် လည်ပတ်ရာတွင် ခဲဓာတ်မလိုအပ်ပါ။
သို့ရာတွင် ခဲဓာတ်သည် ကျွန်ုပ်တို့၏ ခန္ဓာကိုယ်ထဲ အထူးသဖြင့် ငယ်ရွယ်သော ကလေးများ ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သောအခါ ကြီးမားသော ပျက်စီးမှုများ ဖြစ်စေနိုင်ပါသည်။ အဆင့်နိမ့်သော ခဲဓာတ်ထိတွေ့ရာတွင် ကလေးအနေဖြင့် နေမကောင်းခြင်း (သို့) နေမကောင်းပုံပေါ် မဖြစ်စေပါ။ အစောပိုင်း၌ ရှာမတွေ့လျှင် ခဲဆိပ်သင့်မှုသည် ဦးနှောက်ပျက်စီးမှု ၊ဦးနှောက်ဉာဏ်ရည်ရှင်စေခြင်းကို ပျောက်ဆုံးစေခြင်းအပါအဝင် အပြုအမူပြဿနာများ ၊အာရုံစူးစိုက်မှု ကစဉ့်ကလျား ဖြစ်ခြင်းနှင့် တခြားသော ဖွံ့ဖြိုးမှု ၊ စကား ၊ အကြားအာရုံနှင့် လေ့လာမှုပြဿနာများဖြစ်စေနိုင်ပါသည်။ ပို၍ ပြင်းထန်သောပြဿနာများတွင် ခဲဆိပ်သင့်ခြင်းသည် တက်ခြင်း၊မေ့မျောခြင်းနှင့်သေခြင်းကိုပင် ဖြစ်စေပါသည်။

# What Are the Symptoms?

## ရောဂါလက္ခဏာများမှာအဘယ်နည်း။

ခဲဆိပ်ရှိသော ကလေးအတော်အများစုတွင် ရောဂါလက္ခဏာများမရှိပါ။ ခေါင်းကိုက်ခြင်း ၊ ဗိုက်နာခြင်း ၊ စားချင်စိတ်မရှိခြင်း၊ အလေးချိန်ပေါင်ကျခြင်း ၊ အားနည်းခြင်းနှင့် ကြောင်တောင်တောင်ဖြစ်ခြင်းစသော ရောဂါလက္ခဏာများသည် တခြားကလေးရောဂါများနှင့် မှားယွင်းနိုင်ပါသည်။
လက်ချောင်းမှသွေးထုတ်စစ်ယူခြင်းသည်သာလျှင်ကလေးထံ၌ခဲဆိပ်ရှိမရှိ သေချာစွာပြောဆိုနိုင်သော တခုတည်းသော နည်းလမ်းဖြစ်ပါသည်။

# Is My Child At Risk?

## ကျွန်ုပ်၏ကလေး အန္တရာယ်ရှိသလား။

အယ်လန်ကောင်တီ၌(၇၀၀၀) ထက်ပိုသောကလေးများသည် ခဲဆိပ်သင့်ခြင်း အန္တရာယ်ရှိကြောင်း ခန့်မှန်းကြပါသည်။
သင်၏ကလေးသည် ၁၉၇၈ ခုနှစ်မတိုင်ခင်က ဆောက်လုပ်ထားသော အိမ်၌ သူ၊သူမ နေခြင်းနှင့်လည်ပတ်ခြင်းကို ပြုလုပ်ပါက သင့်ကလေးတွင် ခဲဆိပ်သင့်အန္တရာယ်ဖြစ်စေနိုင်ပါသည်။ ဒီစာစောင်၏ နောက်တစ်ကွက်တွင် ပါရှိသော ခဲဆိပ်သင့်ခြင်းအန္တရာယ် စစ်ဆေး လုပ်ဆောင်မှုမေးခွန်းများကို ကြည့်ပါ။ အကယ်၍ ဖော်ပြပါမေးခွန်း တစ်ခုခုကို " ဟုတ်ကဲ့ " ဟုဖြေကြားပါက သင့်ကလေးတွင် အန္တရာယ်ရှိပြီး စစ်ဆေးသင့်ပါသည်။

# Lead Poisoning Risk Assessment Questionnaire

## ခဲဆိပ်အန္တရာယ်စစ်ဆေးလုပ်ဆောင်မှုမေးခွန်းများ

အကယ်၍ အောက်ဖော်ပြပါမေးခွန်းတခုခုကို " ဟုတ်ကဲ့ " ဟုဖြေကြားခဲ့ပါက သင်၏ကလေးခဲဓာတ်စစ်ဆေးရန် အကောင်းဆုံးဖြစ်ပါသည်

၁။ ကလေးသည် အသက်(၁)နှစ်မှ (၆)နှစ်အတွင်းနှင့် WIC (သို့) မယ်ဒီကိတ်မှခံစားမှုများကို ရရှိနေသလား (သို့) ရရှိဖို့အရည်အချင်းပြည့်မီသလား။

O ဟုတ်ကဲ့ O မသိပါ။

၂။ သင်၏ကလေးသည် ခဲဆိပ်မြင့်မားမှုရှိသောနေရာများဟုဆုံးဖြတ်ထားသော စာတိုက်သေတ္တာအမှတ်များတွင်နေထိုင်သလား (သို့) ပုံမှန်လည်ပတ်သလား။ ( ၄၆၈၀၂၊ ၄၆၈၀၃၊ ၄၆၈၀၆၊ ၄၆၈၀၇၊ ၄၆၈၀၈ )။

O ဟုတ်ကဲ့။ O မသိပါ။

၃။ သင်၏ကလေးသည် ၁၉၇၈ ခုမတိုင်မီ ဆောက်ခဲ့သော ဆေးမှုန်များကွာကျနေသော (သို့) ဆေးအပဲ့များ ရှိသော နေ့ကလေးထိန်းကျောင်းအိမ်တွင် သွားလည်သလား (သို့) နေထိုင်သလား။

O ဟုတ်ကဲ့ O မသိပါ။

၄။ သင်၏ကလေးတွင်ခဲဆိပ်သင့်နေသဖြင့် ဆေးကုသခံနေရသော ညီအစ်ကိုမောင်နှစ်မ (သို့) ကစားဖော်များရှိသလား။

O ဟုတ်ကဲ့ O မသိပါ။

၅။ သင်၏ကလေးသည် ခဲနှင့် ထိတွေ့နေရသောအလုပ်ရှိသူ(သို့)ဝါသနာရှိသူနှင့်အတူတူနေထိုင်သလား။ (အိမ်ပြင်ခြင်း၊ ကားပြင်ခြင်း ၊ အိမ်ထောင်ပရိဘောဂပြင်ဆင်ခြင်း ၊ ခဲငါးဖမ်းဇကာများကို ရေမျောခြင်းနှင့် လှေသင်္ဘောပြုပြင်ခြင်းများပါဝင်ပါသည်။)

O ဟုတ်ကဲ့ O မသိပါ။

၆။ သင်၏ကလေးသည် အလုပ်ရှုပ်သောလမ်း၊ခဲဖိုနှင့်ခဲထွက်သောတခြား စက်ရုံများအနီးတွင်နေထိုင်သလား။

O ဟုတ်ကဲ့ O မသိပါ။

၇။ သင်၏မိသားစုသည် အစားအသောက်များပြင်ဆင် ပြင်ဆင်ခြင်း၊(သို့)သိုလှောင်ခြင်း(သို့) ညစာစားသုံးရာတွင်ကြွေထည်မြေထည် များ(သို့)ပို့ကုန်များကို အသုံးပြုသလား။ သနပ်ခါးကဲ့သို့သော အိမ်ဆေးညွှန်း များကိုအသုံးပြုသလား။

O ဟုတ်ကဲ့ O မသိပါ။

၈။ ကလေးတွင် ခဲဆိပ်နှင့်ပါဝင်ပတ်သက်သော ဆေးရှာဖွေ တွေ့ရှိချက်များရှိသလား။ ( ဖွံ့ဖြိုးမှုနောက်ကျခြင်း၊ စကားပြောနောက်ကျခြင်း ၊သွေးအားနည်းရောဂါ၊ အငြိမ်မနေတက်ခြင်း ၊ အစာအိမ်နာခြင်း ၊ အိမ်သာသွား ရာတွင် ဒုက္ခရောက်ခြင်းနှင့် ရောဂါအမည်မဖော်ထုတ်နိုင်သော တက်ခြင်းများပါဝင်ပါသည်။ )

O ဟုတ်ကဲ့ O မသိပါ။

For More Information Call:

**260-449-8600**

**Allen County**

**Healthy Homes Program**

**www.fw-ac-deptofhealth.com**
1 East Main Street • 5th Floor
Fort Wayne, IN 46802
260-427-1391 fax

အယ်လန်ကောင်တီမှ
ခဲဆိပ်ထုတ်ကြစို့---
ကလေးဘဝ
ခဲဆိပ့်သင့်ခြင်း
ကာကွယ်ခြင်း



# ခဲဆိပ်သင့်ခြင်း

အကျိုးရလဒ်များသည်ယူကျုံးမရဖြစ်စေနိုင်သည်။

သင့်အိမ်အား စစ်ဆေးပါ။ သင့်ကလေးအား စစ်ဆေးပါ။

## What Causes Childhood Lead Poisoning?

### ကလေးဘဝ ခဲဆိပ်သင့်ခြင်းကို ဘာကဖြစ်ပွားစေသနည်း။

- ခဲဆိပ်သင့်ခြင်း၏ အခြေခံအကျဆုံးသော အရင်းအမြစ်မှာ ဖုန်မှုန့်များနှင့် ၁၉၇၈ခုနှစ်မတိုင်ခင်က တည်ဆောက်ထားသော အိမ်များတွင်ပါရှိသော ဟောင်းနွမ်းသော ခဲအခြေခံဆေးများမှ ဆေးအပိုင်းအစများကြောင့်ဖြစ်သည်။ ခဲအခြေခံဆေးများမှာ အမေရိကန်နိုင်ငံအိမ်များတွင်ခန့်မှန်းခြေ(၂၄)မီလျှံရှိပါသည်။
- ခဲကို နောက်ဖေးခြံများရှိ အညစ်အကြေးများနှင့်အိမ်ထဲရှိအိုမင်းသောပိုက်များရှိလျှင် ရေထဲမှတွေ့ရှိနိုင်ပါသည်။
- ပြတင်းပေါက်များ မှန်ရောင်စုံများလုပ်ခြင်းနှင့် ပရိဘောဂများပြန်လည်မွမ်းမံခြင်းစသောဝါသနာများသည် ခဲနှင့်ထိတွေ့မှုကို ဖြစ်ပေါ်ထောက်ပံ့ပေးစေပါသည်။
- ပုံစံသစ်ပြန်လည်ပြုပြင်ခြင်း၊ ရီဆိုင်ကယ်လ်စင်တာများနှင့်ဘက်ထရီစက်ရုံများစသော တချို့သော အလုပ်များသည် ခဲနှင့်ထိတွေ့မှုဖြစ်စေနိုင်သော အရင်းအမြစ်ဖြစ်ပါသည်။
- ဖိုက်နာ၊ဖိုက်အောင့်ခြင်းနှင့် အစားအသောက်ခွက်များအတွက် တချို့သော အာရှနှင့်လက်တင်အမေရိကန် အိမ်ဆေးမြီးတိုစများတွင် ခဲဓာတ်များပါဝင်ပါသည်။

## Why Should I Be Worried About Childhood Lead Poisoning?

### ကလေးဘဝ ခဲဆိပ်သင့်ခြင်းကို ဘာကြောင့်စိတ်ပူပန်သင့်သလဲ။

ကလေး၏ဦးနှောက်သို့ပြုလုပ်စေသော ပျက်စီးမှုသည် နဂိုအတိုင်းပြန်လည်ပြန်မဖြစ်စေနိုင်ပါ။ ခဲဆိပ်သင့်ကလေး သည် သူတို့၏ အလားအလာရှိမှုကို ဘယ်တော့မှ နားမလည်စေနိုင်သော အဖြစ်မျိုးသို့များစွာ ဖြစ်စေပါသည်။

ခဲဆိပ်သင့်မှုသည် ကလေးများအတွက် အလွန်အမင်းအန္တရာယ်ဖြစ်စေပါသည်။ ကလေးများနှင့် ငယ်ရွယ်သော ကလေးများတွင် အန္တရာယ်ပို၍ရှိစေပါသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ပါးစပ်ထဲသို့ ပစ္စည်းများထည့်သွင်းခြင်းနှင့် ထိုပစ္စည်းများအထဲနှင့်အပေါ်တွင်ရှိသော ခဲဓာတ်သည် သူတို့၏ခန္ဓာကိုယ်ထဲသို့ အလွယ်တကူ ဝင်ရောက်နိုင်ပါသည်။ သူတို့၏ ခန္ဓာကိုယ်များသည် ကြီးထွားနေသဖြင့် အသက်(၇)နှစ်အောက်ကလေးများတွင် အကျိုးသက်ရောက်မှုသည် လူကြီးများထက်ပိုပါသည်။ ကလေးများသည် လူကြီးများထက် ပို၍နိမ့်ကျသော အဆင့်တွင် အဆိပ်သင့်နိုင်ပါသည်။

## What Should I Do If I Suspect My Child Has Been Lead Poisoned?

### အကယ်၍ ကျွန်ုပ်ကလေးသည် ခဲဆိပ်သင့်နေသည်ဟု ထင်မြင်ယူဆပါက ဘာလုပ်သင့်သနည်း။

ကလေးအား ခဲဆိပ်သင့်ခြင်းစစ်ဆေးမှုကို ပြုလုပ်ပါ။ ခဲဆိပ်သွေးစစ်ဆေးခြင်းရရှိရန် သင့်ကလေး၏ ဆရာဝန်နှင့်ပြောဆိုဆွေးနွေးပါ။ (သို့) နေရာအနီးတွင်ရှိသော ခဲဓာတ်အခမဲ့ စစ်ဆေးပေးခြင်းနေရာအကြောင်း သတင်းအချက်အလက်များသိလိုပါက ၄၄၉-၈၆၀၀ သို့ခေါ်ပါ။ သင့်ကလေး ကာကွယ်မှုအတွက် ပို၍သတင်းအချက်အလက်ရယူလိုပါက အယ်လန်ကောင်တီ ကလေးဘဝ ခဲဆိပ်ကာကွယ်ခြင်း ပရိုဂရမ် ၄၄၉-၈၆၀၀ ကိုခေါ်ယူပါ။



## What Are the Complications fromChildhood Lead

### ကလေးဘဝ ခဲဆိပ်သင့်ခြင်းမှ ရှုပ်ထွေးစေသော အရာများမှာ အဘယ်နည်း။

ခဲဓာတ်ထိတွေ့မှုတွင် နိမ့်ကျသောအဆင့်တွင် ထိတွေ့မှုပင်သည် ငယ်ရွယ်သောကလေးများအတွက် ကြီးမားသော ပြဿနာဖြစ်စေနိုင်ပါသည်။ အဓိက ပူပန်ရသော အန္တရာယ်မှာ နဂိုအတိုင်းပြန်လည် မဖြစ်နိုင်သော ပျက်စီးမှုကို ဖြစ်စေနိုင်သော နေရာဖြစ်တဲ့ ဦးနှောက်ဖွံ့ဖြိုးမှုသို့ ဖြစ်စေပါသည်။ ကလေးအတွက်ကျန်းမာရေးပြဿနာများမှာ

- လေ့လာရာတွင် ခက်ခဲမှုရှိခြင်း
- စကားပြော၊ဘာသာစကားနှင့်အပြုအမူပြဿနာများ
- အကြားအာရုံပျက်စီးမှု
- အာရုံကြောဖွဲ့စည်းမှုစနစ်နှင့် ကျောက်ကပ်ပျက်စီးမှု
- ကြွက်သားများသိမ်ဖျင်းစွာ အလုပ်ဆောင်ရွက်ခြင်း
- ကြွက်သားနှင့် အရိုးများကြီးထွားမှု လျော့ကျခြင်း

## How Do You Treat Childhood Lead Poisoning?

### ကလေးဘဝခဲဆိပ်သင့်မှုကို ဘယ်လိုကုသလဲ။

အဓိက အရေးကြီးဆုံးသော အရာမှာ သင်၏ ကလေး ခဲဓာတ်ထိတွေ့မှုကို ရပ်ပစ်ရန်ဖြစ်သည်။ အယ်လန်ကောင်တီကလေးဘဝ ခဲဆိပ်သင့်ခြင်းကာကွယ်ရေး ပရိုဂရမ်သည် ခဲဆိပ်သင့်မြင့်မားနေကြောင်းဖော်ထုတ် ထားသော ကလေးများ၏မိသားစုများအား အလားအလာရှိသော ခဲဆိပ်အန္တရာယ်ရှာဖွေပေးခြင်းနှင့် ထိုအရာများကို မည်သို့မည်ပုံ လုပ်ဆောင်ရမည်ကို သင့်လျော်သော အကြံဉာဏ်များပေးခြင်းတို့ကို ထောက်ပံ့ပေးပါမည်။

## What Can Be Done to Prevent Childhood Lead Poisoning?

### ကလေးဘဝခဲဆိပ်သင့်ခြင်းမှကာကွယ်ရန် မည်သည့်အရာများကို ပြုလုပ်ထားနိုင်သလဲ။

ယိုကျပျက်စီးနေသော ဆေးမှုန်၊ဆေးစများရှိသောအိမ် အဟောင်းများကို ပြုပြင်ခြင်းသည် မိသားစုနှင့် ကွန်မြူနတီမှ ကလေးဘဝခဲဆိပ်သင့်ခြင်းကို ကာကွယ်ပေးနိုင်သောအဓိကအရေးကြီးသော အရာဖြစ်ပါသည်။

- လူကြီးများအနေဖြင့် ဆေးအပဲ့များနှင့် ကွာကျနေသော ဆေးအစအနများ၊ တစစီပဲ့နေသော အင်္ဂတေများ ၊ ခဲဓာတ်ရှိနိုင်သော အတွင်းဖုန်မှုန့်များနှင့် အပြင်အညစ်အကြေးများရှိနိုင်သော နေရာများကို စစ်ဆေးရမည်။
- အကယ်၍ သင်၏အိမ်တွင်ခဲဓာတ်အန္တရာယ်ရှိသည်ဟုယူဆပါက သင်၏အိမ်အား ခဲဓာတ်စစ်ဆေးသင့်ပါသည်။ ကွာကျနေသော ဆေးစများနှင့်ဆေးအပဲ့များကိုပြုပြင်ခြင်းနှင့်ဆေးမှုန်များကို သန့်ရှင်းရပါမည်။
- ခဲအခြေခံဆေးများကို လုံလုံခြုံခြုံဘယ်လိုလုပ်ရမည်ကို မသိဘဲနှင့် ဤအရာများကို တစ်ယောက်တည်း လုပ်ဆောင်ရန် မကြိုးစားပါနှင့်။ ကလေးများ၏အိမ်၌ မိဘများနှင့် ကန်ထရိုက်များသည် မလုံခြုံစွာ
- အသစ်ပြန်လည်ပြင်ဆင် ခြင်းနှင့်အသစ်ပြန်လည် တပ်ဆင်ခြင်းစသော လုပ်ရပ်များကြောင့် မြောက်များစွာသော ကလေးများသည် နှစ်စဉ် အဆိပ်သင့်နေကြပါသည်။
- အလုပ်အားလုံး မပြီးဆုံးခြင်းနှင့် နေရာကို သင့်တင့်လျောက်ပတ်စွာ သန့်ရှင်းဆေးကြောခြင်းမရှိဘဲ ကလေးများကို အိမ်ထဲ၌ ရှိမနေသင့်ပါ။
- သင်၏အိမ်အား လုံခြုံစွာဘယ်လိုပြင်ဆင်ရမည်အကြောင်း သတင်းအချက်အလက်ပိုမို သိရှိလိုပါက ၄၄၉-၈၆၀၀ သို့ဆက်သွယ်ခေါ်ယူပါ။

### အောက်ဖော်ပြပါ အချက်များကို လိုက်နာခြင်းဖြင့်သင်၏ကလေးကာကွယ်မှုကို ကူညီနိုင်ပါသည်။

- သင်၏အိမ်အား သန့်ရှင်းခြင်း၊ဖုန်မှုန့်များကင်းခြင်းနှင့် ဆေးတိုအပိုင်းအစများကို ကင်းစေအောင်ထားပါ။
- သင်၏အိမ်အား သန့်ရှင်းခြင်း၊ ဖုန်မှုန့်များကင်းခြင်းနှင့် ဆေးတိုအပိုင်းအစများကို ကင်းစေ အောင်ထားပါ။
- သင်၏ကလေးအား ဗီတာမင်စီ ၊ သံဓာတ်နှင့် ကယ်လစီယမ်ပါသော အစားအစာများကို ကျွေးမွေးပါ။
- သင့်ကလေး လက်ကို အထူးသဖြင့် ကစားပြီးနောက် ၊ အစားမစားမီနှင့် အိပ်ရာမဝင်ခင် ဆေးပါ။

### သင့်အိမ်အားစစ်ဆေးပါ။

### သင့်ကလေးအားစစ်ဆေးပါ။